
အိပ်မက်ကြယ်
ကမ္ဘာတည်သရွေ့ချစ်နေမယ်

# အခန်း(၁)

"ဘာ ... သွေးကင်ဆာ ဟုတ်လား ..."

ခုတင်ပေါ်မှာ ဖြူဖတ်ဖြူရော် ဖြစ်နေတဲ့ သူ့ကို ကြည့်ကာ သူ သူ့ပါးစပ်သူ ပိတ်လိုက်ပြီး အံ့ဩတကြီးဖြင့် ခေါင်းယမ်းယမ်း လုပ်နေမိသည် ။ စိတ်လှုပ်ရှား လွန်း၍ ပြောစရာ စကားလုံး တွေတောင်မှ ရှာရခက် နေတော့၏။

"မသေချာ သေးပါဘူး ... ဒဏ်ရာ ရထားတာ ကလည်း ပြင်းထန်နေတော့ ... ဆရာဝန်တွေ ကလည်း သေချာစစ်ဆေး ပေးနေပါတယ် ..."

သူ ထိုင်လို့ ကလည်း ဘယ်လိုမှ မရ။ စိတ်ထဲမှာ သူနဲ့ ပတ်သက် စပ်ဆိုင်နေတဲ့ ပြဿနာတွေက တစ်ခုပြီးတစ်ခု ပေါ်လာ လေတော့သည် ။

"ဟင့်အင်း ... သူ တစ်ခုခု ဖြစ်သွားလို့ မရဘူး ... သူမရှိဘဲနဲ့ ဘယ်ကိစ္စကိုမှ ငါတို့ ဖြေရှင်းလို့ မရနိုင်ဘူး ..."

သူ့ရှေ့က လူကလည်း ခုတင်ပေါ်က သူ့ကိုကြည့်ကာ ခေါင်း တညိတ်ညိတ်ဖြင့်...

"ကျွန်တော် နားလည်ပါတယ် အစ်ကိုကြီး ... "

"အေး ... မင်း နားလည်တယ်ဆိုရင် သူ့ကို ဂရုစိုက်ပါ ... အဲဒီစာချုပ်

မှာ သူ လက်မှတ် မထိုးရမချင်း သူ ဘာမှ ဖြစ်လို့ မရဘူး ... ဆရာဝန်တွေကိုလည်း သေချာပြောလိုက် ... ပိုက်ဆံ ဘယ်လောက် ကုန်ကုန် သူ့ကို သတိပြန်ရ လာအောင် လုပ်ပေးပါလို့ ..."

"ဟုတ်ကဲ့ အစ်ကိုကြီး ... ကျွန်တော် ပြောလိုက်ပါ့မယ် ... ဒါပေမဲ့ ..."

သူ့ရဲ့ အကြည့်တွေက ထိုလူ့ဆီသို့ ရောက်သွားကာ...

"ဒါပေမဲ့ ပြီးတော့ ဘာဖြစ်လဲ ..."

"သူ့ဒဏ်ရာက အတွင်းဒဏ်ရာ ဆိုတော့ ..."

"မလိုချင်ဘူးကွာ ... ရအောင် လုပ်ပေးဖို့ သူတို့ ကို ဖိအားပေးလိုက် ... အဲဒီအတွက် သူတို့ ပိုက်ဆံ ဘယ်လောက် လိုချင်တာလဲ ... ပေးသာပေးလိုက် ကြားလား ..."

"ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကိုကြီး ..."

သူ့ကို ပြာပြာသလဲ ကြောက်နေတဲ့ ညီဖြစ်သူကို ကြည့်ကာ သူ သဘောကျ သွားလေသည် ။ ထို့နောက် ခုတင်ပေါ်က လူကိုတစ်ချက် လှည့်ကြည့်လိုက်ပြီး စိတ်ထဲကနေ...

"မင်း ဘာမှ ဖြစ်သွားလို့ မရဘူး မဟော် ..."

"အစ်ကိုကြီး ကျွန်တော် ဆရာဝန်နဲ့ သွားတွေ့လိုက် ပါဦးမယ် ... "

"အင်း ... ငါပြောတာတွေ မေ့မနေနဲ့ ... သေချာ ပြောလိုက်ပါ ... ငွေကအဓိက မဟုတ်ဘူး ... လူကသာ အဓိကဆိုတာ ..."

"ဟုတ်ကဲ့ပါ အစ်ကိုကြီး ..."

ညီဖြစ်သူက အခန်းထဲကနေ ထွက်သွားတော့ သူ ခုတင်နားကို ကပ်သွားလိုက်ကာ သူ့မျက်နှာကို သေချာငုံ့ကြည့် လိုက်လေသည် ။

ပိုးဟပ်ဖြူ တစ်ကောင်လို ဖြူဖတ်ဖြူရော် ဖြစ်နေတဲ့ သူ့မျက်နှာမှာ အောက်စီဂျင်ပိုက်က နေရာယူ ထားလေသည် ။ ဘာလို့ ဒီလောက်အထိ ဖြစ်သွားခဲ့တယ် ဆိုတာကို သူ နားမလည်နိုင်ပေ။ သူတို့ တွေ လက်လွှန် သွား ခဲ့တာလား ...

ဒီလောက်အထိ ဖြစ်သွားစေဖို့ မရည်ရွယ် ခဲ့ပေမဲ့ ဖြစ်သွားခဲ့ပြီ။ သူ့မှာ ရောဂါအခံ ရှိခဲ့တာကို သူတို့ တွေ မသိခဲ့ကြ။ သူ ငယ်ငယ်လေး ကတည်းက သူတို့ ညီအစ်ကိုနဲ့ အတူတူ ကြီးပြင်းလာကာ သူတို့ ကလ ည်း ဦးလေး အရင်းတွေလို ချစ်ခင် ကြပါလျက်နဲ့ မသိခဲ့ ကြတာဟာ သူ တို့ မိသားစုက အဖုံးအဖိ ကောင်းခဲ့လို့ ပေါ့။

မဟော့်မှာ သွေးကင်ဆာ ရှိနေတယ် ဆိုတာ ဘယ်သူမှ မသိခဲ့ကြ။ ဒါ ပေမဲ့လည်း ဒါဟာ မသေချာ သေးပါဘူး။ အဲဒီရောဂါသာ တကယ်ရှိနေ ခဲ့မယ်ဆိုရင် သူဒီအချိန်ထိ အသက်ရှင် နေနိုင်မှာ မဟုတ်ဘူး ။ ဒါမှ မဟု တ် ရောဂါက အခုမှ ထလာတာ များ လား ...။ သူ ခေါင်း ယမ်းလိုက်မိ၏ ။ ဟင့်အင်း ... မဖြစ်နိုင်ပါဘူး ... သူ့မှာ ဒီရောဂါ ရှိတယ်ဆိုတာ သူတို့ တောင်မှ အခုမှ သိခဲ့ရတာ။ တခြား ဘယ်သူတွေ သိကြသေးလဲ။ သူ့မိ သားစု ကတော့ သိထားမှာ ပဲ။

သူ့အကြည့်တွေက ခုတင်ပေါ်ကနေ မခွာတော့။ မင်းဘာမှ မဖြစ်ရ ဘူးနော် နိုင်းမဟော် ... မင်းတစ်ခုခု ဖြစ်တာနဲ့ တချို့လူတွေရဲ့ ဘဝတွေ ပျောက်ဆုံး ပျက်စီးသွား ကြလိမ့်မယ်။ ဒီဒဏ်ရာ လောက်နဲ့ တော့ မင်း မသေနိုင်ပါဘူး မဟော်ရာ ... မင်းမှာ လုပ်စရာတွေ အများကြီး ရှိသေး တယ် ... မင်း ဘာမှ ဖြစ်လို့ မရသေးဘူး။

***

ကျောင်းခန်းထဲ ရောက်တော့ ကျောင်းသားတွေ စုံစုံလင်လင် တွေ့လိုက်ရ၍ သူမ သဘောကျသွားကာ လက်ဆွဲခြင်းကို စားပွဲပေါ် တင်လိုက်ပြီး ကလေးတွေကို ကြည့် လိုက်လေသည် ။

"ဒီနေ့ လူစုံတယ်ပေါ့ ..."

ကျောင်းသာတွေ အားလုံးက သူ့ကိုမြင်တာနဲ့ မတ်တတ် ရပ်လိုက်ကြလေသည် ။

"မင်္ဂလာပါ ဆရာမ ..."

"မင်္ဂလာပါကွယ် ထိုင်ပါ သားတို့ သမီးတို့ ..."

"ဆရာမ ..."

သူငယ်တန်း လေးတွေကို စာသင်ပြရတော့ သူမလည်း ပျော်ရွှင်မိသည် ။ သူမက ကလေးတွေကို ချစ်တဲ့ သူ ဆိုတော့ စာသင်ရတာလည်း အားလုံး အဆင်ပြေပါတယ်။ ကလေးတွေ ကလည်း သူမကို ချစ်ကြောက်ရိုသေ ဆိုတော့ သူမလည်း အားလုံး အပေါ်မှာ သံယောဇဉ် ဖြစ်နေမိလေသည် ။

လက်ထဲမှာ အနီရောင် နှင်းဆီပန်းလေး တစ်ပွင့်နဲ့ စာအိတ်လေး တစ်အိတ်ကို ကိုင်ထားတဲ့ ကလေး တစ်ယောက်က မတ်တတ်ရပ်ကာ သူ့ကို ခေါ်နေ၏။ ကလေး လက်ထဲက အရာတွေကို မြင်လိုက်ရတော့ သူမ စိတ်ထဲမှာ အလိုမကျမှုတို့ က ချက်ချင်း ပေါ်လာ ခဲ့တော့သည် ။

"အဲဒီ ပစ္စည်းတွေကို ဆရာမ စားပွဲပေါ် လာတင်လိုက် မင်းမင်း ..."

ကျောင်းသားလေးက သူ့ကို ကြောက်ရွံ့ သွားသလို တွန့်သွားလေသ

ည် ။

"ဟုတ်ကဲ့ပါ ဆရာမ ..."

ကလေးကနေ တစ်ဆင့် ပေးခိုင်းတဲ့ ရည်းစားစာတွေထဲမှာ ဒီရည်းစားစာ ကိုတော့ သူမ မငြင်းနိုင်ခဲ့။ မငြင်းနိုင်ဘူး ဆိုတာဟာ သူမ သဘောကျ လွန်း၍ တော့ မဟုတ်၊ ငြင်းလို့ မရခဲ့လို့ သာ ဖြစ်သည် ။

မင်းမင်းက ပန်းနဲ့ ပစ္စည်းတွေကို စားပွဲပေါ် တင်လိုက်ပြီး သူ့ကို မော့ကြည့်နေ၏။ သူ မင်းမင်းကို ဂရုဏာသက်စွာ ကြည့်လိုက်ပြီး...

"သား ... နောက်တစ်ခါ မယူခဲ့နဲ့ တော့နော် ..."

မင်းမင်းက လက်လေးပိုက်ကာ သူ့ကို ခေါင်းညိတ် ပြလိုက်ပြီး...

"ဟုတ်ကဲ့ပါ ဆရာမ ..."

ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါနဲ့ တကယ်တမ်း ဒီပစ္စည်းတွေကို နေ့တိုင်း ယူလာတာလည်း သူပါပဲ။

"သွားထိုင်နေတော့နော် ..."

မင်းမင်းက ခေါင်းညိတ် ပြလိုက်ကာ သူ့နေရာသူ ပြန်သွားတော့သည် ။ သူမ စားပွဲပေါ်က စာအိတ်ကို ယူကာ ဖွင့်ဖတ် လိုက်လေသည် ။

ဘယ်တော့မှ ရိုးမသွားတတ်တဲ့ ကဗျာလေးတွေနဲ့ ရည်းစားစာ ပေးတတ်သူ။ ဒီတစ်ခါလည်း ဘယ်လိုကဗျာလဲ မသိ။ ဘယ်တော့မှ ပြောင်းလဲပြီး မလှလာမဲ့ လက်ရေးနဲ့ ကဗျာတစ်ပုဒ်...

***

ရောင်စုံတိမ်တွေ ကြားထဲက ထိန်ထိန်သာနေတဲ့ လမင်း တစ်စင်းကို မျှော်လင့်နေမိတဲ့ ကြယ်လေး တစ်လုံးလိုပဲ … ကျွန်တော့်ရဲ့ အချစ်တွေကို ဘယ်တော့များမှ အသိအမှတ် ပြုလာမှာ လဲ မမရယ် …

မမအချစ်ကို စောင့်မျှော် နေရင်းနဲ့ ကျွန်တော် အဘိုးကြီး ဖြစ်သွားရင်တော့ မမ တာဝန်ယူရမယ် ဆိုတာကို မမေ့ပါနဲ့ … ကျွန်တော်က အသက် ကြီးသွားလည်း ဘိုးဘွားရိပ်သာ မသွားဘဲ မမဆီကို လာနေမှာ နော် … မမ ကျွေးထားနိုင်တယ် ဆိုရင်တော့ ကျွန်တော့်ကို အဖြေ မပေးပါနဲ့ … မမကို ခြိမ်းခြောက်တာ မဟုတ်ဘူး နော် …

ရေးရတဲ့ ကျွန်တော့်ကို အားမနာ ရင်တောင်မှ ပို့ပေးရတဲ့ မမတပည့်လေး ကိုတော့ အားနာပါ မမရယ် … ကျွန်တော် မမကို ရူးရူးမူးမူး ချစ်နေတယ် ဆိုတာကို မမဘာလို့ မယုံရတာလဲ… ကျွန်တော် ကိုယ်တိုင်က စစ်မှန်တဲ့ မမရဲ့ အချစ်ကို လိုချင်လို့ သာ အခုလို ကြိုးစားနေတာပါ … အဲဒါကို မမလည်း သိပါတယ် မမရယ် … မမသိရဲ့ သားနဲ့ ဘာလို့ အခုလို တွေ လုပ်နေရတာလဲ … ကျွန်တော်တော့ မမကြောင့် ရူးချင်နေပြီ … စာတွေ ပို့တာလည်း ရာချီနေပြီ … အခုချိန်ထိ မမဆီက ပြန်စာလေး တစ်စောင်တောင် မရသေးဘူး …

မမ ပြောသလိုပဲ ကျွန်တော် မမကိုချစ်တဲ့ အချစ်က မစစ်မှန်သေးလို့ ထင်တယ်နော် … ကျွန်တော် ကြိုးစား ရဦးမှာ ပေ့ါ မမရယ် … ဒီတစ်ခါ ပေးတဲ့ စာက ကဗျာသက်သက် မဟုတ်ဘဲ ခံစားချက် စာတွေမို့လို့ မငြိုငြင် လိုက်ပါနဲ့ နော် မမ … ကျွန်တော့် ခေါင်းထဲမှာ မမနဲ့ ပတ်သက်တဲ့ ခံစားချက် တိုင်းဟာ ကဗျာ သက်သက်ချည်း မဟုတ်ပါဘူး … ကျွန်တော့် ဘဝပါ ပါပါတယ် မမရယ်… အဲ့ဒါလည်း မမသိမှာ မဟုတ်ပါဘူး …

ကျွန်တော့် အချစ်ကို စဉ်းစားပေးပါတော့ မမရယ် ... နော် ... ကျွန်တော် မမကို ချစ်တယ်ဆိုတာ မမကလွဲပြီး တစ်ကမ္ဘာလုံးတောင် သိလောက်တယ် ... မမကတော့ နည်းနည်းလေးတောင်မှ ဂရုမစိုက်ဘူး ... မမနဲ့ ပတ်သက်ပြီး ကျွန်တော် ဘယ်တော့များမှ ပျော်ရမလဲ ဆိုတာကို သိချင်မိတယ် မမရယ် ...

***

မမကိုချစ်သော မမရဲ့ အနာဂတ် အလင်းတန်း တစ်ခုကို ပိုင်ဆိုင်သူ

ခမ်း

သူမ စာကို ဖတ်ပြီးတော့ ပြုံးလိုက် မိလေသည် ။ ကဗျာတစ်ပုဒ် ထင်ခဲ့မိပေမဲ့ ခံစားချက် စကားလုံးတွေ ဆိုတော့ သူမရင်ထဲမှာ ခံစားမိ သွားသလိုလို။

မဟုတ်သေးဘူး ပဆစ်အိမ် ... အဲဒီ ကောင်လေးကို လက်ခံလိုက်မယ် ဆိုရင် နင် ရှုံးသွားလိမ့်မယ်နော် ... အဲဒါတော့ နင် သိပါတယ် ...

ဘယ်နှစ်စောင် မြောက်သော စာပဲဖြစ်ဖြစ် ပဆစ်ဆီမှာ အားလုံး ရှိနေသည် ။ ဒါပေမဲ့ သူ့ကို အဖြေပေးဖို့ တော့ မစဉ်းစားချင်သေး။ သူ့ရဲ့ အချစ် စစ်၊ မစစ်ကို ပဆစ် စမ်းသပ် ချင်သေးသည် ။ ဘယ်လိုပဲ မိဘတွေချင်း ရင်းနှီးနေပါစေ ဦးတော့ အချစ်ရေး မှာ တော့ သူတို့ နှစ်ယောက် အတွက်က ပိုအရေးကြီး တယ်လေ။

ပဆစ် ပြုံးလိုက်ပြီး ထုံးစံအတိုင်း စာအိတ်လေးကို ပိုက်ဆံအိတ်ထဲ ထည့်လိုက်ကာ ပန်းကိုတော့ စားပွဲပေါ်က ပန်းအိုးထဲမှာ ထိုးထားလိုက်သည် ။

"ကဲ ... သားသားတို့ မီးမီးတို့ ရေ ... မနေ့က ဆရာမ သင်ပေးလိုက်

တဲ့ ကဗျာလေးကို ဆိုပြပါဦးကွယ် ..."

***

တို့ ကျောင်း ...

ပန်းကလေးများ ပွင့်တော့မည် ...

ဖူးတံဝင့်လို့ ချီ ...

နေခြည်မှာ ရွှေရည်လောင်း ...

ငါတို့ စာသင်ကျောင်း ...

"တော်လိုက်တာ ... ဒါဆို ဆရာမ နောက်တစ်ပုဒ် သင်ပေးမယ်နော် ...."

"ဟုတ်ကဲ့ပါ ဆရာမ ..."

ပဆစ် မြေဖြူ ယူလိုက်ကာ ကျောက်သင်ပုန်း ပေါ်မှာ ရေး လိုက်လေသည် ။

ကျောင်းဆရာမ ဖြစ်ချင်ခဲ့တာ ဟိုးငယ်ငယ်လေး ကတည်းက။ ရှုံးသွပ်ခဲ့လို့ လည်း ပညာရေးကောလိပ် တက်နိုင်အောင် သူမ စာကို ကြိုးစားခဲ့သည် ။ အခုတော့ သူမရဲ့ ရည်မှန်းချက်တွေ ပြည့်မြောက် လာခဲ့ပြီ။ ဖေဖေနဲ့ မေမေလည်း အခုတော့ ပဆစ်အတွက် ကျေနပ်ရပါပြီ။ ဒါပေမဲ့ စိတ်တော့မချသေး။ အဲဒါကြောင့်လည်း ပဆစ်ကို အိမ်ထောင်ချပေးဖို့ ကြိုးစားအားထုတ် နေကြသည် ။

ကြိုးစားနေတဲ့ သူက တခြားသူလည်း မဟုတ် ... ရွှတ်တွတ်တွတ် ဂျစ်ကန်ကန် ကောင်လေး တစ်ယောက်။ ပဆစ် လက်မခံဘူး ဆိုတာတောင် သူကတော့ လက်မလျှော့ဘဲ ပဆစ်ရဲ့ အချစ်ကိုရဖို့ သူကိုယ်တိုင် ကြိုး

စားမယ်လို့ ဆိုကာ အခုလိုမျိုး စာတွေ ကဗျာတွေပို့ကာ ကြိုးစား နေခဲ့သည် ။

သူနဲ့ ပဆစ်က တစ်ရပ်ကွက်ထဲ သားချင်းတွေပဲ။ သူက ပဆစ်ထက် သုံးလေးနှစ်လောက် ငယ်သည့် ရွတ်တွတ်တွတ် ဂျစ်ကန်ကန် အံ့မခန်း ဆိုသည့် ကောင်လေး တစ်ယောက်။

***